တာခွန်တိုင်
တာ အုပ် တိုက်



# လွင်းထားဘား

ဆေးတက္ကသိုလ်

မျက်ရည်တစ်ပွင့်ရဲ့ တိုးဖွညင်သာသော

ပန်းချီ သိန်းနေခြည် 2012

# အဖွင့်

ကျွန်တော့်နာမည် “သေင်”ပါ။ အသက်ကတော နှစ်ဆယ့်ငါးပေါ့။ Computer နဲ့ ကျောင်းပြီး ပြီးသားပါ။ ကျွန်တော် ဘာအလုပ် လုပ်သလဲလို့ပြောပြလိုက်ရင် ခင်ဗျားတို့မျက်ခုံးပင့် အံ့ဩသွား ကြလိမ့်မယ်။ မအံ့ဩပါနဲ့…။ ကျွန်တော် တကယ်ပြောတာပါ။ မကြာခင်မှာ ကျွန်တော်သက်သေ ပြပေါ့မယ်။ ကျွန်တော်လုပ်တဲ့ အလုပ်က သေဆုံးပြီးသွားတဲ့ ဝိညာဉ်တွေနဲ့ လူ့လောကမှာ ကျန်ရစ်ခဲ့ တဲ့ အသက်ဆက်ရှင်သန်လျက်ရှိတဲ့ လူသားတချို့နဲ့ ဆက်သွယ်ပေးရတဲ့ သံတမန်အလုပ်ပါ။ ကျွန်တော့်အလုပ်က ခင်ဗျားတို့အတွက် နည်းနည်းများထူးဆန်းနေမလား မသိဘူး။ဘာဖြစ်လို့ ဒီအလုပ်ကို လုပ်တာလဲဆိုတဲ့ မေးခွန်းတွေလည်း အစီအရီပေါ်လာမှာပေ့ါနော်။ ကျွန်တော်ရှင်းပြပေ့ါ မယ်…။ တကယ်တော့ ကျွန်တော်ကအပျော်သက်သက်စခဲ့တဲ့ ကိစ္စတစ်ခုဆိုပါတော့။ ဒါပေမယ့် ခုချိန်မှာတော့ ကျွန်တော်အပျော်သက်သက်တင်မက, တော့ဘူး။ ကျွန်တော့်ရဲ့ အကူအညီကို လိုအပ်နေတဲ့ ဝိညာဉ်တစ်ယောက်နဲ့ သူနဲ့နှီးနွှယ်ပတ်သက်နေတဲ့သူ့ရဲ့ချစ်သူ… ဒါမှမဟုတ် သူ့ရဲ့မိသားစုဝင် တစ်ယောက်ယောက်ကို ကျွန်တော်နဲ့သိသည်ဖြစ်စေ၊ … မသိသည်ဖြစ်စေ၊ နီးသည်ဖြစ်စေ… ဝေးသည်ဖြစ်စေ၊ ကျွန်တော်လုပ်ချင်သည်ဖြစ်စေ… မလုပ်ချင်သည်ဖြစ်စေ ဆက်သွယ်ပေးရတဲ့အလုပ်ကို မဖြစ်မနေ လုပ်ပေးနေရတော့တာပါ။ မလုပ်ချင်လို့လည်း မရဘူးလေ၊ ဝိညာဉ်တွေက ဇွတ်ဗျ၊ ကျွန်တော်မလုပ်ချင်ရင်တောင် သူတို့က ကျွန်တော့်ကို အမျိုးမျိုးပညာပြတတ်ကြတာ၊ သူတို့လုပ်တာနဲ့ တစ်ခါတလေ ကျွန်တော့်မှာ လူတွေကြားထဲ အရူးကိုဖြစ်လို့…။

ဒါပေမယ့် ကျွန်တော် ပျော်ရွှင်ကြည်နူးရတဲ့အခါလေးတွေလည်း ရှိတတ်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ကျန်ရစ်ခဲ့တဲ့ လူသားတစ်ယောက်က သေဆုံးသွားပြီဆိုတဲ့ သူ့ရဲ့ချစ်သူရဲ့ နောက်ဆုံးစကား တစ်ခွန်းခွန်း... လက်ဆောင်တစ်ခုခုကိုကြားခွင့်၊ သိခွင့်ရတဲ့အခါ အတိုင်းမသိ စိတ်လှုပ်ရှားပျော်ရွှင်ကြရတာ ကိုကြည့်ပြီး ကျွန်တော်လည်း သူတို့နဲ့အတူ မျှဝေခံစားရတာ ပေါ့ဗျာ...။ တကယ်တော့ ဝိညာဉ်တွေနဲ့ဆက်သွယ်နိုင်ခွင့်၊ သူတို့ကို တွေ့မြင်နိုင်ခွင့်၊ သူတို့နဲ့အပြန်အလှန် စကားပြောဆိုခွင့်ရနိုင်တဲ့ စွမ်းအင်ပါဝါတစ်မျိုးကို လက်ဆောင်တစ်ခုအဖြစ် ကျွန်တော်ရခဲ့တာပါ။

အဲဒီ အဖြစ်အပျက်ကို ကျွန်တော်နည်းနည်းပြန်ပြောပြမယ်...။ ကျွန်တော် ဆယ့်ငါးနှစ်သားလောက်တုန်းကပေါ့။ ကျွန်တော့်သူငယ်ချင်းနှစ်ယောက်ဖြစ်တဲ့ ဒေါင်းနဲ့ဇေယျတို့နဲ့ အတူ ညသန်းခေါင်ယံအချိန်မှာ သချႋုင်းကိုသွားပြီး ဝိညာဉ်သွားခေါ်ကြည့်ရာက စခဲ့တာပါ။ အဲဒီ တုန်းက ကျွန်တော်တို့သုံးယောက်ရဲ့ ရည်ရွယ်ချက်က အပျော်သက်သက်ပါ။ စာအုပ်တွေဖတ် ပြီး တကယ်ဖြစ်နိုင်မဖြစ်နိုင် စမ်းသပ်ကြည့်ကြတဲ့ သဘောပါ။ အဲဒီ အချိန်တုန်းက ဒေါင်းနဲ့ဇေယျတို့ အတွက် ဘာမှမထူးခြားခဲ့ပေမယ့် ကျွန်တော်ကတော့ ထူးခဲ့တယ်လို့ဆိုရမှာပေါ့။ ဘာဖြစ်လို့လဲဆို တော့ အဲဒီ ညက ဝိညာဉ်တချို့က ကျွန်တော်တွေ့ခွင့်ရခဲ့တယ်လေ။ ဒေါင်းနဲ့ဇေယျက ဘာမှမတွေ့ ရဘူး။ ကျွန်တော်က အဲဒီ ဝိညာဉ်တွေကို တွေ့နေရတယ်။ သူတို့လှမ်းပြောနေတဲ့ အသံတချို့ကို တောင် ကျွန်တော်ကြားနေရတယ်။ အဲဒီ အကြောင်းကို ကျွန်တော်ပြန်ပြောပြတော့ ဒီကောင်နှစ်ကောင် ဖင်မြီးတန်းနေအောင် တစ်ချိုးတည်းလစ်ပြေးသွားကြတာ ကျွန်တော့်ကိုတောင် မစောင့်ဘူးဗျာ။ ကျွန်တော်က သတ္တိရှိတယ်လို့တော့ ပြောရမယ်။ လုံးဝမကြောက်ဘူးဗျ။ ကျွန်တော့် တစ်ကိုယ်လုံးတောင် ကြက်သီးမွေးညင်းတွေ ထနေခဲ့တာပေါ့။ ဒါပေမယ့် လူတိုင်းမမြင်ရတဲ့... မမြင်နိုင်တဲ့ ဝိညာဉ်တွေကို ကျွန်တော်မြင်ခွင့်ရလိုက်တယ်။ အသံတွေကို

ကြားခွင့်ရလိုက်တယ်ဆို တော့ လူငယ်ပီပီ ကျွန်တော့စိတ်ထဲမှာ
ထူးလည်းထူးဆန်းပြီး ပျော်ခဲ့မိတာလည်း အမှန်ပါပဲ။ အဲဒီ အချိန်ကစပြီး
ဘယ်သူမှမသိနိုင်တဲ့ ကျွန်တော့်ရဲ့ လျှို့ဝှက်အလုပ်တစ်ခု စခဲ့တယ်ဆိုပါတော့...။

***

# အခန်း(၁)

ကျွန်တော့်ကို talky ကောင်းတယ်လို့ ကျွန်တော့်သူငယ်ချင်းတွေက ပြောကြတယ်။ စကားပြောကောင်းပြီး ရုပ်ဖြောင့်တော့ မိန်းကလေးတွေရဲ့ အိမ်မက်တွေကို သိမ်းပိုက်နိုင်စွမ်းရှိတာ ပေါ့တဲ့။ ဒီကောင်တွေက ကျွန်တော့်ကိုမနာလိုကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကို မိန်းကလေးတွေက သိပ် favour ပေးကြတာကို။ ကျွန်တော်ကလည်း အထာကလေးတွေရှိတာကိုး ထူးဆန်းဆန်းကလေးတွေ လုပ်တတ်၊ ပြောတတ် Entertain လုပ်တတ်တာကိုး။ အဲဒီ တော့ မိန်းကလေးတွေက ကျွန်တော့်နားမှာ နေရရင်ပျော်တယ်… အမြဲရယ်နေရတယ်… စိတ်ချမ်းသာ ရတယ်တဲ့လေ။ ဒါပေမယ့် ကျွန်တော်က ငပွေငရှုပ်တစ်ကောင်တော့ မဟုတ်ပါဘူး။ မိန်းကလေးတွေကို ကျွန်တော်ဘယ်တော့မှ အထင်မသေးတတ်ဘူး။ လှော့မတွက်တတ်ဘူး။ နှမချင်းစာနာစိတ် အမြဲထားပါတယ်။ ယောကျ်ားလေးတွေရဲ့ အမြင်မှာတော့ ကျွန်တော်ကစွံတယ်။ Ladykiller ပေါ့။ မိန်းကလေးတွေရဲ့အမြင်မှာ ကျွန်တော်ဟာ ဆွဲဆောင်မှုရှိတယ်။ သူတို့အပေါ် ဂရု တစိုက် အလေးထားတတ်တယ်။ သိပ်ချစ်တတ်တဲ့ ယောကျ်ားတစ်ယောက် လို့မြင်ကြတယ်။ ဒါပေမယ့် ကျွန်တော်ဝန်ခံပါတယ်ဗျာ။ ကျွန်တော့်ဘဝမှာ ကောင်မလေးတစ်ယောက်တည်းကိုပဲ စွဲစွဲမြဲမြဲချစ်သွားခဲ့မိတာပါ။ သူ့ကို ဘယ်လိုချစ်မိသွားမှန်းကို မသိတာ။ သူက ကျွန်တော့်ဘေးနားက မိန်းမချောတွေလို ပဲအပြည့်နဲ့လိုအပ်ချက်မရှိအောင် ပြီးပြည့်စုံနေတဲ့၊ smart ဖြစ်တဲ့ပုံစံမျိုး မဟုတ်ဘူး။ သူမကိုတွေ့လိုက်ရရင် အမြဲတမ်းတစ်ခုခု လွဲချော်တိမ်းစောင်းနေတတ်တဲ့ မရှုပ်ပလာ ကလေးမျိုး၊ ဒါပေမယ့် အရမ်းချစ်ဖို့ကောင်းတယ်။ ကျွန်တော်နဲ့ စတွေ့ပုံကိုပဲကြည့်…။ ကျွန်တော်

ပြောပြမယ်…။

အဲဒီ နေ့က မှတ်မှတ်ရရ ကျွန်တော့်ရဲ့မွေးနေ့ပေါ့။ အဲဒါကြောင့် သူငယ်ချင်းတွေကို ရွှေကောင်းမှာ Hot Pot လိုက်ကျွေးတာ။ ဆိုင်ထဲကို မိန်းကလေးတစ်အုပ် ဝင်လာတာက ဘာမှ မထူးခြားပါဘူး။ ကျွန်တော်တို့လည်း သမန်ကာလျှံကာပဲ လှမ်းကြည့်ရုံ လှမ်းကြည့်လိုက်မိတာပါ။ လူတွေ ငေးကြည့်ရလောက်အောင် စက်စက်ယိုအောင် ချောမောလှပလွန်းနေတဲ့ Model ကလေး တွေမျိုးလည်း မဟုတ်ပါဘူး။ ဒါပေမယ့် ချက်ချင်းပဲ အဲဒီ အုပ်စုထဲက သူမကို ကျွန်တော်တင်မကဘူး တစ်ဆိုင်လုံးက လူတွေအားလုံး ထိတ်လန့်တကြားနဲ့ သတိထားမိသွားစေတဲ့ အဖြစ်အပျက်က ဗြုန်းခနဲ ဖြစ်သွားခဲ့တာပါ။ သူမက အသားတွေ၊ ငါးတွေကို ဗန်းကလေးတွေနဲ့ အထပ်ထပ်ဆင့်ပြီး သယ်လာနေတဲ့ စားပွဲထိုးကလေးတစ်ယောက်ကို မတော်တဆ ဝင်တိုက်လိုက်မိတာ။ မတိုက်ခင် ဟိုကလည်းရှောင်၊ သူမကလည်းရှောင်နဲ့ ရှောင်ကြပါသေးတယ်။ ထုပ်ဆီးတိုးနေသလိုပဲ။ ပြီးတော့ မှ တည့်တည့်ကြီးကို ဝင်တိုးမိတာ။ ချွမ်… ဂလွမ် ဆိုတဲ့အသံကျယ်ကြီးနဲ့အတူ အသားငါး ပန်းကန်တွေ တစ်စစီပြန့်ကျဲလွင့်စင်ကုန်တော့တာ။ ကျွန်တော်မှတ်မိနေသေးတယ်။ သူမ ခဲရောင် ဖျော့ဖျော့ ပိုးသားလိုလို ဂါဝန်ပါးပါးကလေးနဲ့…။

“ဟယ်တော့… ဆောရီး ဆောရီးပဲ၊ ဒုက္ခပါပဲ တို့လည်းရှောင်တာပဲဟယ်၊ ရှောင်နေရင်းနဲ့ ကို တိုက်မိတော့တာ”

သူမက ဆွေ့ဆွေ့ခုန် တောင်းပန်ပြီး ဘာလုပ်ရမှန်းမသိ ပျာယာတွေခတ်နေတာပဲ။ လူတွေက ဝိုင်းကြည့်နေတာပေါ့။ သူ့ရဲ့သူငယ်ချင်းတွေက သူမကိုဝိုင်းဆူနေကြတယ်။

“ကကြိုးရယ် … နယ်ဟာလေ လုပ်လိုက်ရင် အမြဲတမ်း အဲဒီ လိုချည်းပဲ၊ အရာရာနဲ့ အကြောင်းချည်းပဲ၊ ရှုပ်ပလာမ… တစ်ခုမဟုတ် တစ်ခုခုကိုတော့ ဝင်တိုက်မိနေတာပဲ၊ သေသေချာချာ ရှောင်ပါတော့လား၊ ရှက်စရာကြီးဟယ် …၊

လူတွေ ဝိုင်းကြည့်နေပြီ”

စသဖြင့်… တစ်ယောက်တစ်ခွန်းပေါ့။ ဆူညံနေတာပဲ။ အံ့မယ်… သူမက သူမအပြစ်နဲ့ မို့ ငြိမ်ခံနေမယ်များ မှတ်သလား။ နှုတ်ခမ်းထူထူကလေးကို ထော်ပြီး…

“ဩော် … ဘယ်သူကတော့ တမင်ဝင်တိုက်ချင်ပ့ါမလဲ မိန်းမတွေရဲ့၊ ကျုပ်လည်း ရှောင်တာပဲ၊ ရှောင်ရက်နဲ့ကို ဝင်တိုက်မိတာတော့ မတတ်နိုင်ဘူးတော်ရေ”

ဆိုပြီး ဘောက်ဆတ်ဆတ်နဲ့ ဆက်အလျှောက် သံမံတလင်းပေါ်မှာ ပြန့်ကျဲကျဲနေတဲ့ ပုစွန်လား၊ ပြည်ကြီးငါးလား မသိပါဘူး ခပ်ချောချောလုံးလုံး အရာတစ်ခုကို သူမရဲ့ဒေါက်ဖိနပ်နဲ့ ပွတ်ဆွဲမိပြီး ရွှီးခနဲနေအောင် ရေခဲပြင်လျှောစီးသလို လျှောကသွားပြန်တာမို့ သူမကိုကြည့်ပြီး လူတချို့ရဲ့ရယ်သံတွေ ထွက်လာတော့တာပေ့ါ။ ကျွန်တော်တို့ဝိုင်းကလည်း မရယ်ဘဲမနေနိုင်ကြ ဘူးလေ။ ကျွန်တော်လည်း သူမကိုအားနာနာနဲ့ ပြုံးမိပါတယ်။ ဟိုကောင်တွေလောက်တော့ အသံ ထွက်ပြီး မရယ်ရက်ပါဘူး။ သူမရှက်သွားမှာစိုးလို့ပါ… ။

ပွဲက ကြည့်လို့မကောင်းတော့တာမို့ ကျွန်တော်ကပွဲကြည့်ပရိသတ် လုပ်မနေနိုင်တော့ဘဲ ထိုင်နေရာကနေ ထပြီး သူမဆီလျှောက်သွားလိုက်မိတယ်။ ကျွန်တော့်ရဲ့အကျင့်ကိုက တစ်ယောက်ယောက်လိုအပ်နေရင် ကူညီတတ်တဲ့အကျင့်ကို ရှိတာပါ။ ဒါကြောင့်လည်း ဝိညာဉ်တွေက ကျွန်တော့်ကိုမှရွေးပြီး အကူအညီတောင်းကြတာဖြစ်မယ်။ ကျွန်တော်က သူမကို လက်ကမ်းပေးလိုက်ပြီး…

“ဘယ်နား နာသွားသေးလဲဟင်… ထ ထ… ကျွန်တော့်လက်ကို အားယူလိုက်”

လို့ပြောလိုက်တော့ သူမကရှက်လည်းရှက်၊ အားလည်းနာနေတဲ့

ဟန်ကလေးနဲ့ ကျွန်တော့် လက်ကို ဆွဲပြီးအားယူထလိုက်ပါတယ်။

"ကျေးဇူးပဲနော် ... ကျွန်မလည်း ဘယ်လိုဖြစ်နေမှန်းကို မသိပါဘူး၊ ရှုပ်ပျာရှုပ်ပျာနဲ့... ဟင်း ဟင်း၊ ဒီနေ့ ကျွန်မမွေးနေ့မို့ သူငယ်ချင်းတွေကို Hot Pot လိုက်ကျွေးတာလေ"

လို့... ရှက်ကိုးရှက်ကန်းဟန်ပန်နဲ့ အရှက်ပြေပြောပြနေပါတယ်။ အဲဒီ မှာ ကျွန်တော်လည်း အံ့ဩစွာနဲ့ ...

"ဟုတ်လား... ကျွန်တော်လည်း ဒီနေ့ ကျွန်တော့်မွေးနေ့မို့ သူငယ်ချင်းတွေကို လိုက်ကျွေးတာ၊ ခင်ဗျားနဲ့ ကျွန်တော်မွေးနေ့ချင်း တူနေတာပေါ့။ ဒါဆို အတော်ပဲ... ကျွန်တော်

တို့ဝိုင်းမှာ ဝင် Join မလားဟင်၊ မွေးနေ့တူ လူနှစ်ယောက်ဆုံတဲ့ အမှတ်တရလေး ဖြစ်သွားတာပေါ့"

"အို... ဟုတ်လား၊ အံ့ဩဖို့ ကောင်းလိုက်တာ၊ ကောင်းသားပဲ...၊ ဟော့ကောင်တွေ ဒီဝိုင်းမှာပဲ ဝိုင်းလိုက်ကြရအောင်... တခြားဝိုင်းတွေလည်း ပြည့်နေပြီ"

သူမက ကျွန်တော့်ကို ပြောရင်း သူ့သူငယ်ချင်းတွေကိုပါ တစ်ဆက်တည်း လှမ်းခေါ်ပါတယ်။ သူ့ သူငယ်ချင်းတွေကလည်း ဘယ်ဝိုင်းမှာဖြစ်ဖြစ် အပြတ်ဆွဲမဲ့ ဒီဇိုင်းတွေနဲ့ ကောင်းသားပဲဆိုပြီး ကျွန်တော်တို့ဝိုင်းမှာ ဝင်ထိုင်လိုက်ကြပါတယ်။

"အံ့ဩဖို့ကောင်းလိုက်တာနော် ... မမျှော်လင့်ဘဲ ကျွန်မနဲ့မွေးနေ့တူတဲ့ လူတစ်ယောက်နဲ့ လာဆုံနေရတယ်၊ ကောင်းပါတယ်... မိတ်ဆွေတိုးတာပေါ့နော်၊ ကဲ... မိတ်ဆက်ပေးကြပါဦး၊ ရှင်တို့ အရင်ပြောလေ"

သူမရော သူမရဲ့သူငယ်ချင်းတွေပါ ခပ်သွက်သွက်လက်လက်

ဖြူဖြူစင်စင်ကလေးတွေနဲ့ ချစ်စရာကလေးတွေပါ။ ကလေးဆန်ဆန်နဲ့ ပေါင်းရသင်းရလွယ်ကူမယ့် ခေတ်လူငယ်မိန်းကလေး ပုံစံကလေးတွေပေါ့။

"ကျွန်တော်က ဇေသင်ပါ။ သူတို့က ဒေါင်းနဲ့ ဇေယျပါ၊ သုံးယောက်လုံး ကွန်ပျူတာနဲ့ ကျောင်းပြီးပါပြီး၊ UFL မှာ အင်္ဂလိပ်စာ Diploma တက်နေကြပါတယ်"

"အိုး... ကျွန်မတို့လည်း UFL မှာပဲ တက်နေတာ၊ တစ်ခါမှ မဆုံဖြစ်ဘူးနော်၊ ကျွန်မတို့က Korea ဘာသာတက်နေတာ"

"ဒါကြောင့် မဆုံတာဖြစ်မှာပါ၊ ကျွန်တော်တို့က မတော်တဆ မဆုံဖြစ်ရင် တမင်တကလိုက် ရှာပြီး ဆုံတတ်ပါတယ်၊ နောက်ကို ဆုံမှာပါ"

"ကျွန်မနာမည်က ကကြိုးသွယ်ပါ၊ သူတို့နှစ်ယောက်က နွေဦးနဲ့ ကံ့ကော်ပါ၊ ကျွန်မတို့က Eco နဲ့ကျောင်းပြီးပြီးသားပါ၊ အခုတော့ UFL မှာ Korea ဘာသာ တက်နေပါတယ်။

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကဲ... ကျွန်တော်တို့လည်း ခုမှ စ,စားရုံပဲ ရှိသေးတယ်၊ ကကြိုးသွယ်တို့စားချင်တာတွေ သွားရွေးကြလေ၊ ဝက်သား စားတယ်မှလား၊ ကျွန်တော်တို့က အပြုရည်အိုးကို တက်တစ်ခြမ်း... ကြက်တစ်ခြမ်း ခွဲထားတယ်၊ ကျွန်တော်တို့ တစ်အိုးတည်းပဲ ပေါင်းစားလိုက်ရအောင်နော်"

"ကောင်းသားပဲ... ကျွန်မတို့လည်း ဝက်စားပါတယ်၊ ဝက်သားတုတ်ထိုးဆို အရမ်းကြိုက် တာ၊ ကဲ... ကျွန်မတို့ အသားတွေ သွားယူလိုက်ဦးမယ်၊ ရှင်းတဲ့အခါကျရင်း တစ်ယောက် တစ်ဝက်ပေါ့နော်၊ ရှင်တို့လည်း သုံးယောက်၊ ကျွန်မတို့လည်း သုံးယောက်ဆိုတော့ အတူတူပေါ့"

"ရပါတယ်ဗျာ... သူငယ်ချင်းတွေဖြစ်သွားပြီပဲ၊ အဲဒါတွေ အရေးမကြီးဘူး..."

သူမတို့ သုံးယောက်သား ကြွက်စီကြွက်စီနဲ့ ထွက်သွားကြပြီး

မုန့်ဘီရိုတွေဖွင့်ပြီး စိတ်တိုင်းကျရွေးချယ်နေကြတာကို လှမ်းကြည့်ပြီး ဒေါင်းက...

"ဟော့ကောင်... ဇေသင်၊ မင်း ဘာဇာတ်လမ်းတွေ ထွင်ပြန်ပြီလဲ၊ မင်းကွာ... တော်တော် တတ်နိုင်တဲ့ကောင်၊ မြန်မာပြည်တစ်ပြည်လုံးက မိန်းမချောလေးတွေဆို မင်းနဲ့စက်ကွင်းကို မလွတ် ဘူး၊ အားလုံး မင်းသူငယ်ချင်းတွေ ဖြစ်သွားကြတော့တာပဲ"

လို့... မလိုတမာ ရေရွတ်နေပါသေးတယ်။ ခဏနေတော့ သူမတို့ရွေးချယ်ထားသမျှကို ဗန်းတွေတစ်ထပ်ကြီးနဲ့ သယ်ပြီးစားပွဲထိုးကလေး ရောက်လာပါတယ်။ အဲဒီ နောက်တော့ စကားတွေပြောရင်း စားကြသောက်ကြပေါ့လေ။ ကကြိုးသွယ်က နာမည်နဲ့လိုက်အောင်ပင် စကား ပြောရင်း ခေါင်းရော၊ ခြေဟန်လက်ဟန်တွေရောနဲ့ တစ်ယောက်တည်းကနေသလို ပျာယာခတ် အောင် ပြောတတ်သူမို့ စကားပြောနေရင်း သူမရဲ့လက်က အအေးဖန်ခွက်ကို ဖြုန်းခနဲ တိုက်ချလိုက်မိပြန်ပါရော။ သူမအနားမှာ ထိုင်နေတဲ့ ကျွန်တော့်ရဲ့ဘောင်းဘီတစ်ခုလုံး အေးခနဲခံစားချက်နဲ့အတူ ရွဲရွဲစိုနစ်သွားပါတယ်။

"အား... အေးလိုက်တာကွာ"

ကျွန်တော်က စွေ့ကနဲခုန်ထမိပြီး အော်လိုက်မိသည်။

"ဟယ်... ဆောရီး ဆောရီး၊ ကျွန်မလက်နဲ့ မတော်တဆတိုက်မိသွားတာ၊ ဒုက္ခပါပဲ...၊ ဇေသင်စိုကုန်ပြီတော့..."

ဒီနေ့မှ ကံဆိုးစွာ ကျွန်တော်ဝတ်ထားတာက အဖြူရောင် လီနင်သားဘောင်းဘီဆိုတော့ ပိုဆိုးတာပေါ့။

"အဲဒီ ကကြိုးဟာလေ လုပ်လိုက်ပြန်ပြီ၊ ဇေသင့်ကို အားနာစရာကြီး . . "

သူမသူငယ်ချင်းတွေက သူမကို ဆူပြန်ရော။ ဒေါင်းနဲ့ဇေယျာကတော့ ကျွန်တော့်ကိုကြည့် ပြီး ကောင်းတယ်မှတ်ထားဆိုတဲ့ ပုစံမျိုးတွေနဲ့ ခပ်ကျိတ်ကျိတ်

ရယ်နေကြတယ်။ ကျွန်တော့်မှာ ထိုင်မရ ထမရနဲ့ တစ်မျိုးကြီးပါပဲ။

“ရတယ် ... ရတယ် ကိစ္စမရှိဘူး၊ သူ့ဘာသာသူ ခြောက်သွားလိမ့်မယ်”

လို့... အားနာပါးနာနဲ့ ပြောနေရပေမယ့် စိုစိစိုစိကြီးနဲ့ အေးစက်စက် ခံစားချက်ကြီး ကတော့ မမေ့စရာပါ။ အဲဒီ ကစပြီး ကကြိုးသွယ်ဆိုတဲ့ သူမဟာ ကျွန်တော့်ရင်ခွင်ဆီ တွေ့လိုက်တိုင်း အမှတ်တရ မမေ့နိုင်စရာ ခြေလှမ်းကလေးတွေနဲ့ တစ်လှမ်းချင်း ဝင်ရောက်လာခဲ့ တပါ။

***

ဒုတိယအကြိမ်ပြန်ဆုံကြတော့ အေးစက်စက် စိုစိစိမဟုတ်တော့ဘူး။ ဒီတစ်ခါ အမှတ်တရကတော့ တစ်ကိုယ်လုံးမှာရှိတဲ့ အကြောတွေအားလုံး ဆန့်ငင်ဆန့်ငင် ဖြစ်သွားလောက်အောင်ကို မမေ့နိုင်စရာကောင်းတာပါ။ UFL မှာ Korea ဘာသာသင်တန်းချိန်ကိုရွေးပြီး သူမကိုတကူးတက တမင်သက်သက်သွားရှာမိတာကတော့ သူမနဲ့နောက်တစ်ကြိမ် ထပ်ဆုံချင်လို့ပဲ ဆိုပါတော့။ သူမကို တွေ့မဲ့တွေ့တော့လည်း ရိုးရိုးစင်းစင်းကလေး တွေ့တာမဟုတ်။ သူမရဲ့မူပိုင်ပုံစံကလေး အတိုင်း ရှုပ်ပျာရှုပ်ပျာနဲ့ပေ့ါ။

“ဟေး... ကကြိုးသွယ်”

သူမကို ကားပါကင်နေရာမှာ တွေ့လိုက်ရတာ မို့ ကျွန်တော်က ဝမ်းသာအားရလှမ်းခေါ် လိုက်တော့ သူမကဝမ်းသာအားရပဲ လှည့်ကြည့်ပါတယ်။

“ဟယ်... သေင် အတော်ပဲတော့၊ ဒီမှာ ကျွန်မမြွေကိုက်နေလို့ ကျွန်မကို ကူညီပါဦး”

လို့... ကျွန်တော့်ကိုလည်းမြင်ရော ခုန်ဆွခုန်ဆွကလေးနဲ့ ပြောပါတယ်။

“တကယ် မြွေကိုက်နေတာလား… ဘာဖြစ်လို့လည်း”

“ဟာ… တကယ်မြွေကိုက်တာ မဟုတ်ပါဘူး၊ ကျွန်မက ဒီမှာဖြစ်လိုက်ရင် အဲဒီ လိုချည်းပဲ၊ မနက်ကတည်းက မေ့ပြီးတော့ ကားနောက်မီးကြီးကို တစ်ချိန်လုံးဖွင့်ထားခဲ့မိတာ၊ အခု ပြန်တော့ မလို့ ကားစက်လည်း နှိုးရောဘက္ထရီနဲ့ ဂွိုင်းပြီး ကားစက်နှိုးလို့ရအောင် ပြန်လုပ်ပေးပါဦး”

“သြော်… ဒါလေးများ သိပ်ရတာ ပေါ့၊ ခဏလေးစောင့်…”

ကျွန်တော်ကလည်း ဂမ်းသာအားရနဲ့ ကူညီပေးဖို့ ပြင်ဆင်လိုက်ပါတယ်။

“ကျေးဇူး ကျေးဇူး… ခုလို စိတ်ညစ်နေတုန်း အချိန်မှာ ဧသင်ကိုတွေ့လိုက်ရတာ ဘယ်လိုဂမ်းသာသွားမှန်းမသိဘူး၊ တကယ်ပြောတာ သိလား၊ ကျွန်မကားပေါ်မှာပဲ အဆင်သင့် ထိုင်နေမယ်နော်၊ ဧသင့် ဘက္ထရီနဲ့ဂွိုင်းပြီးရင် ပြော၊ ကျွန်မ ကားစက်နှိုးကြည့်လိုက်မယ်”

“အိုကေ…”

ကျွန်တော်က ဘက္ထရီမှာ ပလပ်ကလေးတွေ ညှပ်နေတုန်းမှာပဲ သူမဆီက …

“ရပြီလားဟင်…နှိုးရတော့မလား”

လို့… စိတ်မြန်လက်မြန် ဓာသန်သန်နဲ့ လှမ်းမေးနေသံကလေးက ထွက်ပေါ်နေပါတယ်။ ကျွန်တော်က…

“နေဦး…”

လို့… လှမ်းပြောတာကို သူမက ဘာကြားလိုက်တယ် မသိပါဘူး။ ဖြုန်းခနဲ ကားစက်ကို နှိုးပစ်လိုက်တာမို့ ကျွန်တော့်ကိုယ်ကျွန်တော် ရုတ်တရက် ဘာဖြစ်သွားမှန်းတောင် မသိလိုက်တော့ ဘူး။ လူက မြောက်ခနဲ လွင့်စင်သွားပြီး တစ်ကိုယ်လုံး ထုံပူရှိန်းမြသွားတဲ့ ခံစားချက်ကြီးဟာ ဓာတ်လိုက်ခံရခြင်းပဲဆိုတာကို

ကိုယ်တိုင်ကိုယ်ကျ ကြဲဖူးလိုက်ရတာ ပါ။ ဆံပင်တွေတောင် ထောင်သွားသလား မသိပါဘူး။

“ဟယ် ဟယ် ... ဆောရီး... ဆောရီးပဲ ဒေသင်ရယ်၊ ဒေသင်က နှိုးဆိုလို့ ကျွန်မ စက်နှိုးလိုက်မိတာ၊ ဘာဖြစ်သွားလဲဟင်... ဘာဖြစ်သွားလဲ”

သူမက ထုံးစံအတိုင်း ဓာတ်လိုက်ပြီး ဖုန်းခနဲပစ်လဲကျသွားတဲ့ ကျွန်တော့်ဆီ အူယားဖားယားနဲ့ ပြေးပါတယ်။

“ဘာမှ မဖြစ်ပါဘူး... ဓာတ်လိုက်သွားတာပါ၊ နေဦးလို့ပြောတာကို နှိုးလိုက်ကြားရက်ပလေ နော်၊ ကျွန်တော်က ပလပ်တွေကိုင်ထားတုန်းဗျ”

“ဆောရီး... ဆောရီးပဲ ဒေသင်ရယ်၊ တောင်းပန်ပါတယ်ဟယ်”

သူမက ကျွန်တော့်ပုံစံကို ရယ်လည်းရယ်ချင်... အားလည်းနာနေတဲ့ ပုံစံကလေးနဲ့ အပိုး မကျိုးတဲ့ မျက်နှာကလေးနဲ့ တောင်းပန်လို့ မဆုံးပါဘူး။

“ရပါတယ်ကွာ... တစ်ကိုယ်လုံး အကြောတွေပြေသွားတာပေါ့၊ ကကြိုးသွယ်နဲ့ တွေ့ချင်လို့လာခဲ့တာပဲ၊ ဒီလောက်တော့ရှိမှာပေါ့၊ ဟုတ်တယ်မှလား ...၊ ကဲ ဒီတစ်ခါ ကျွန်တော် ခပ်ကျယ်ကျယ်အော်မှ စက်ကိုနှိုးနော်”

“ဟုတ်ကဲ့ ... ဟုတ်ကဲ့”

ဆိုပြီး သူမက ကားပေါ် ပြန်တက်သွားပါတယ်။ ကျွန်တော့်မှာ စိတ်တထင့်ထင့် နောက်ဆံတငင်ငင်နဲ့ ဘက္ထရီခေါင်းမှာ ပလပ်တွေကိုကမန်းကတန်း ပြန်တပ်ရပါတယ်။ ဒီတစ်ခါတော့ အောင်မြင်သွားတယ် ဆိုပါတော့။ သူမရဲ့ကားစက်နှိုးသွားပြီမို့ သူမက ကားပေါ်ကနေ ပြန်ဆင်းလာပြီး ...

“ကျေးဇူးပဲ ဒေသင်ရယ်၊ ဓာတ်လိုက်ခံလိုက်ရတာ အတွက် ဆောရီးပဲနော်၊ ဘယ်ကိုလာတာ လဲဟင်...၊ ဒေသင်တို့အတန်းတွေ ပြီးသွားပြီလား၊ ကျွန်မနဲ့တွေ့ဖို့လာတာဆို၊ ခုနက ပြောလိုက် သလားလို့”

"အင်းပေါ့… ကျွန်တော်တို့ အတန်းတွေက ပြီးသွားပြီ၊ ဟိုနှစ်ယောက်ရော… နွေဦးနဲ့ ကံ့ကော်လေ"

"သူတို့က စောစောကပဲ ပြန်သွားကြပြီ၊ သေင့်သူငယ်ချင်းတွေရော"

"သူတို့နဲ့ တမင်သက်သက် လမ်းခွဲလာတာ၊ ကျွန်တော်တစ်ယောက်တည်း ကကြိုးသွယ်ဆီ လာချင်လို့"

"ဩော် ဩော်… ကျွန်မဆီ လာတာဆိုတော့လည်း ဧည့်ခံရမှာပေါ့၊ လာလေ… တစ်ခုခုစားမလား၊ ကဲန်တင်းမှာ ထိုင်ကြမလား၊ ကျွန်မကျွေးပါ့မယ်"

"ကောင်းသားပဲ… ထိုင်တာပေါ့"

သူမက ကားတံခါးကို ပိတ်ခဲ့ပြီး ကဲန်တင်းဆီနှစ်ယောက်အတူ လျှောက်လာခဲ့ကြပါတယ်။ ဖြစ်မယ်ဆိုရင်လည်း ဖြစ်စရာ။ သူမဟာ တစ်စက်ကလေးမှ ငြိမ်ငြိမ်မနေတတ်သူကလေးပါ။ လမ်းလျှောက်လာရင်း ခဲလုံးကလေးတွေ့ရင် မနေနိုင်မထိုင်နိုင် ဒေါက်ဖိနပ်ထိပ်ကလေးနဲ့ လှမ်းကန်လိုကန်၊ သစ်ရွက်တွေ့ရင် သစ်ရွက်ကို လှမ်းဆွဲဖဲ့ရင်ဖဲ့နဲ့ လက်ရောခြေရော အအားမထားတဲ့အပြင် မျက်လုံး၊ ပါးစပ်နဲ့ နားရွက်တွေကိုလည်း ဘာကိုမှငြိမ်ငြိမ်နေခွင့် မပေးပါဘူး။ သူမရဲ့မျက်လုံးကလေးတွေက ဟိုလှူ့လှမ်းကြည့် … ဒီလှူ့လှမ်းကြည့်နဲ့ ပါးစပ်ကလည်း လှမ်းနှုတ်ဆက်၊ နားရွက်တွေက ကျွန်တော်ပြောနေတဲ့စကားကို နားထောင်… အဲဒီ လိုမျိုး။ ဒါတောင် ခေါင်းကလေးငဲ့ကာငဲ့ကာနဲ့ ခေါင်းကိုလည်း အငြိမ်မထား။ အဲဒီ လိုမျိုး…။

ကဲန်တင်းရောက်တော့ စားပွဲတစ်ခုမှာ အတူတူထိုင်လိုက်ကြရင်း…

"ကဲ… သေင ဘာမှာမလဲ၊ ကြိုက်တာမှာနော်… အားမနာနဲ့"

"ကျွန်တော် ပျားသံပုရာပဲ သောက်တော့မယ်၊ ကကြိုးရော"

"ကျွန်မ ကော်ဖီသောက်မယ်"

ဆိုပြီး... အသီးသီးမှာလိုက်ပါတယ်။

"ဒေသင် ကျွန်မဆီလာတာ အကြောင်းတစ်ခုခု ရှိလို့လားဟင်"

"မရှိပါဘူး...၊ တွေ့ချင်ရုံသက်သက်ပါ၊ စကားလည်း ပြောချင်တာနဲ့ လာရာကြည့်တာ၊ ကကြိုးသွယ်တစ်ယောက် တစ်နေ့ကို ဘယ်နှစ်ကြိမ်လောက် ခလုတ်တိုက်မိ၊ ချော်လဲမိသလဲ ဆိုတာလည်း အင်တာဗျူးချင်လို့"

"ဟား ဟား ဟား... ပြောမနေပါနဲ့တော့ ရှင်၊ ကျွန်မကိုယ်ကျွန်မလည်း တကယ် စိတ်ညစ်မိပါတယ်၊ နေ့တိုင်း ချော်မလဲတဲ့နေ့၊ ခလုတ်မတိုက်မိတဲ့နေ့ မရှိဘူး၊ ကိုယ့်ကိုယ်ကိုလည်း ထိခိုက်မိတယ်၊ ကိုယ့်ဘေးနားမှာရှိတဲ့ လူတွေကိုလည်း အမြဲတမ်း ထိခိုက်မိတယ်၊ ကျွန်မကတော့ ဖရိုဖရဲနဲ့ တစ်ခုခုတော့ဖြစ်နေကျပဲ၊ ငယ်ငယ်တုန်းကတည်းက အခုထက်ထိ တစ်ကိုယ်လုံးမှာ ထိခိုက်ရှနာ၊ ပွန်းပဲ့ဒဏ်ရာ အပူလောင်ရာတွေ အပြည့်ပဲ"

သူမက သူမရဲ့အကြောင်းကို ရယ်ရယ်မောမောနဲ့ ပြောပြနေပါတယ်။ သူမရဲ့ မျက်နှာကလေးက တကယ့်ကို အပြစ်ကင်းစင်ပြီး ရိုးသားဖြူစင်မှု အပြည့်နဲ့ပါ။ သူမကို မြင်လိုက်ရရုံနဲ့ သူမရဲ့မျက်နှာကလေးပေါ်မှာ သူမဟာ ခင်မင်စရာ... ချစ်စရာ ကောင်မလေးတစ်ယောက်ဆိုတဲ့ အသွင်အပြင်ကလေးက ထင်ရှားပြတ်သားနေတာပါ။

"ဩော်... ကျွန်တော် ကကြိုးသွယ်အတွက် လက်ဆောင်တစ်ခု ယူလာတယ်"

"အို... လက်ဆောင်တွေဘာတွေ ယူမလာပါနဲ့၊ ဘာလဲဟင်"

သူမက ရွှတ်နောက်နောက် ဟန်ကလေးနဲ့ပြောရင်း လက်ဖဝါးကလေး ဖြန့်လိုက်တာမို့ ကျွန်တော်က သူမရဲ့လက်ထဲ သူမအတွက် တမင်သက်သက်ရည်ရွယ်ပြီး ယူလာခဲ့တဲ့ ကတ္တီပါဘူး ကလေးကို လှမ်းထည့်ပေးလိုက်ပါတယ်။ သူမက ခပ်ပြုံးပြုံး မျက်နှာပေးကလေးနဲ့

ကတ္တီပါဘူးကလေးကို ဖွင့်ကြည့်လိုက်တော့ အထဲမှာ မြင်လိုက်ရတဲ့ Handplast အနာကပ် ပလာစတာကလေးကို တွေ့လိုက်ရချိန်မှာတော့ နားမှာဆွဲထားတဲ့ ဧရာမနားကွင်းကြီးတွေ လှုပ်ခါ သွားအောင် ခေါင်းကလေး တခါခါနဲ့ အားပါးတရကို ရယ်ပါတော့တယ်။

"အဲဒါ ကျွန်မအမြဲလိုအပ်တဲ့ အရာ... "

သူမ ရယ်မောနေဟန်ကလေးကို ကျွန်တော်အားမနာစတမ်းဘဲ ငေးကြည့်မိသွားပါတယ်။ ချစ်ဖို့ကောင်းလိုက်တာ၊ မိန်းမချော အလှအပကလေးတွေ အများကြီးနဲ့ရင်းနှီးကျွမ်းဝင်ဖူးတဲ့ ကျွန်တော့်ရဲ့မျက်လုံးတွေထဲမှာ သူမဟာ ထူးထူးခြားခြားကြီး မလှပပေမယ့် ဘာကြောင့်မှန်းမသိ ဆွဲဆောင်မှုတစ်မျိုးရှိတဲ့ ရိုးရိုးစင်းစင်း မိန်းကလေးတစ်ယောက်ရဲ့အပြစ်ကင်းတဲ့ ရယ်မောဟန် ကလေးက ဘယ်သူနဲ့မှနှိုင်းယှဉ်လို့မရဘူးလို့ ခံစားမိပါတယ်။ ဘာကြောင့်မှန်းမသိဘူး...။ သူမကို အဲဒီ လို မကြာခဏရယ်မောစေချင်မိတာ ကျွန်တော့်ရဲ့ရင်ထဲက ဆန္ဒတစ်ခုပါ။

၁၅ မိနစ်လောက်ကြာတဲ့အခါ ကိုယ်ရှေ့က ခွက်ကိုယ်စီလည်း ပြောင်းပြီမို့ ပြန်ဖို့ပြင်တော့ သူမကပိုက်ဆံရှင်းမယ်လည်း ပြင်ရော...

"ဟောတော့်... ကျွန်မရဲ့ဝေါလက်က ကားထဲမှာကျန်ခဲ့ပြီ ဒေသင်ရေ ... ကျစ်... ဖြစ်ပြန်ပြီ ဒေသင် ဒီမှာ ခဏလေးစောင့်မလား၊ ကျွန်မကားဆီ ပြေးယူလိုက်မယ်၊ မကြာပါဘူး... ခဏလေးနော်... ခဏလေး"

လို့ သူမက ပျာပျာသဲသဲကလေး ဖြစ်ပြန်ပါတယ်။ ကျွန်တော်က သူမကို ပြုံးကြည့်နေလိုက်ပြီး...

"ရပါတယ်ကွာ... ကျွန်တော်ပဲ ရှင်းလိုက်ပါ့မယ်၊ ကကြိုးက နောက်တစ်ခေါက်ပေါ့... ဟုတ်လား"

လို့ဖြေရှင်းလိုက်တော့ သူမက အားနာဟန် မျက်နှာပေးကလေးနဲ့

ဆံပင်ကလေးတွေ ကုတ်ဖွရင်း…

“ဆောရီးပဲ ဧသင်ရယ်… အားနာစရာတော့ ကောင်းနေပြီ”

“ဘာအားနာစရာရှိသလဲ… သူငယ်ချင်းပဲဥစ္စာ၊ နောက်ဆို ကကြိုးပိုက်ဆံတွေ ဘာတွေ လိုရင်တောင် ချေးလို့ရတယ် သိလား… အဟုတ်ပြောတာ၊ ကျွန်တော်လည်းလိုရင် ကကြိုးဆီ လာချေးမှာပဲ”

သူမက လွတ်လပ်ပေ့ါပါးစွာ ရယ်မောပြန်ပါတယ်။ သူမ တစ်ခါရယ်မောလိုက်တိုင်း ကျွန်တော့်ရင်တစ်ခုလုံး ပန်းတွေပွင့်သွားသလိုပဲ မွှေးမြထုံရီသွားတတ်ပါတယ်။ ကားရှိရာဆီ ပြန်လျှောက်လာခဲ့ကြပြီး…

“ကဲ… ကျွန်တော်လစ်တော့မယ်၊ နောက် တွေ့မယ်နော်၊ ကကြိုးရဲ့ Mobile နံပါတ် ကျွန်တော့်ဆီမှာရှိတယ်၊ ကျွန်တော် ခေါ်လိုက်မယ်”

“ဟုတ်ပြီ… တာ့တာ”

သူမက ကျွန်တော့်ကိုလက်ပြနှုတ်ဆက်ပြီး ကားသော့ကို ရှာနေပါတယ်။ သူမ လွယ်ထားတာက အညိုရောင်သားရေအိတ် ခပ်ကြီးကြီးပါ။ အိတ်ထဲမှာ အတော်လေးကြာအောင် နှိုက်ပြီး ဖြောင်းဆန်အောင် ရှာနေတာမို့ ကျွန်တော်ကသူမကို စိတ်မချတာနဲ့ ကားမထွက်သေးဘဲ အသာစောင့်ကြည့်နေလိုက်ပါတယ်။ သူမ ကားသော့တွေ့ပြီး ကားပေါ်တက် စက်နှိုးမောင်းထွက် သွားမှပဲ ကျွန်တော်စိတ်ချလက်ချ သွားတော့မယ်လို့ စိတ်ကူးလိုက်လို့ပါ။ ကားသော့ကို ရှာတွေ့ပုံ မပေါ်ဘဲ သူမက သူမကားဆီပြေးသွားပြီး မှန်တံခါးကနေ ချောင်းလိုက်ပြီးတော့မှ ခုန်ဆွဆွရှုံ့မဲ့မဲ့ မျက်နှာကလေးနဲ့ ကျွန်တော့်ဘက်ပြန်လှည့်လာပါတယ်။

“သေပြန်ပြီ ဆရာ … ဒီနေ့ ကတွက်ပိ ကံမကောင်းပါလား ဧသင်ရေ၊ ကားသော့က ကားထဲမှာတန်းလန်းကြီး ခုနတံခါးပိတ်တုန်းက central lock ကိုချခဲ့မိပြီးသား၊ ဒုက္ခပါပဲနော်… ဘယ်လိုလုပ်ရမလဲဟင်”

ကျွန်တော်က သူမမျက်နှာကလေးကို ကြည့်ပြီး မပြုံးဘဲမနေနိုင်တဲ့ အပြုံးမျိုးနဲ့ ကားပေါ်က နေ ပြန်ဆင်းလာရပြန်တာပေါ့။

"ကကြီးမှာ ကားသော့အပို ရှိလား"

"အိမ်မှာတော့ ရှိတာပေါ့ ဧသင်ရဲ့"

"ကဲ… လာ၊ ကျွန်တော့ ကားပေါ်တက်၊ ကျွန်တော်ကကြီးအိမ်ကို လိုက်ပို့ပေးမယ်၊ ကားသော့ပြန်ယူပြီးတော့မှ တစ်ခါလာဖွင့်တော့ပေါ့… ဟုတ်ပြီလား"

"ဟီ ဟိ… ရှက်စရာတော့ ကောင်းနေပြီ၊ ကျွန်မဟာလေ အမြဲတမ်း အဲဒီ လိုပဲ၊ တကယ် မုန်းဖို့ကောင်းတယ်သိလား"

သူမက ရယ်ကျဲကျဲနဲ့ မျက်နှာကလေးကို လက်ချောင်းခပ်ကျဲကျဲတွေနဲ့ကွယ်ပြီး ကားပေါ်တက်လာပါတယ်။ ကျွန်တော့်တစ်သက်မှာ တစ်ခဏတာ အချိန်ကလေးအတွင်း အဲဒီ လောက် ပြုတ်စဗျင်းတောင်းနှင့် အရာရာနဲ့အကြောင်းကြောင်းတွေ ဖြစ်ပျက်နိုင်လွန်းတဲ့ မရှုပ်ပလာ မိန်းကလေးမျိုး တစ်ခါမှမတွေ့ဖူးသေးပါဘူး။

ဒါပေမယ့် သူမ အဲဒီ လို ကစဥ့်ကရဲကလေးတွေဖြစ်နေတာကပဲ ကျွန်တော်နဲ့သူမကို မနီးနီး အောင် တွန်းပို့ပေးခဲ့သလို မဟုတ်လား။ တခြားလူတစ်ယောက်ယောက်ဆိုရင်တော့ အဲဒီ လောက် နမော်နမဲ့နိုင်ရသလားလို့ စိတ်တိုကောင်း စိတ်တိုမိမှာ ဖြစ်ပေမယ့် သူမကိုကျတော့ အံ့သြစရာကောင်းလောက်အောင် စိတ်ရှည်ရှည်နဲ့ ရယ်မောနေနိုင်တာ ကျွန်တော်ကိုယ်တိုင် စိတ်ဝင်စားသွားမိတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေတာကြောင့်လည်း ပါတာပေါ့။ အချစ်က အဲဒီ လိုပဲ မျက်နှာလိုက်တတ်တယ်လေ။

"ကဲ… ကကြီးအိမ်က ဘယ်မှာလဲ"

“သူမင်္ဂလာ အိမ်ရာ…”

ကျွန်တော် သူမကို သူမရဲ့အိမ်ကိုပြန်လိုက်ပို့ပေးတဲ့ လမ်းတလျှောက်မှာပဲ သူမဟာ ငြိမ်ငြိမ် ဆိမ်ဆိမ်ကလေး လိုက်ပါလာတယ် မထင်ပါနဲ့။ ကား CD Player ထဲကို သူမစိတ်ကြိုက် အခွေရွေးပြီး ထည့်ဖွင့်လိုက်၊ သီချင်းတွေ လိုက်ဆိုလိုက်၊ နောက်တစ်ခွေ ပြောင်းထည့်လိုက်နဲ့ လုပ်ချင်တာလုပ်ပြီး ပါလာတာပါ။ သူမအိမ်ထဲ သော့ပြန်ဝင်ယူပြီး UFL ထဲက တစ်ခါပြန်လာ၊ ကားသော့နဲ့ဖွင့်ပြီးတော့မှ သူမစိတ်လက်ပေါ့ပါးစွာ ရယ်မောနှုတ်ဆက်လျက် ကားမောင်းထွက်သွား တော့မှပဲ ကျွန်တော်အောင့်ထားမိတဲ့ အသက်ကို စိတ်ချလက်ချရှူလိုက်နိုင်ပါတယ်။ ဒါတောင် အဲဒီ ကောင်မလေးက ကားမောင်းတော်တော်ကြမ်းတဲ့ ကောင်မလေးပါ။

***

အခန်း(၂)

ဒီနေ့မနက်စောစော ကျွန်တော် သူမကိုဖုန်းဆက်ပြီး ဆိုင်တစ်ဆိုင်မှာ breakfast အတူစားဖို့ ချိန်းလိုက်တော့ သူမကမငြင်းဆန်ဘဲ အလွယ်တကူ လက်ခံခဲ့ပါတယ်။ ကျွန်တော် တစ်ယောက်တည်း ဟိုနှစ်ယောက်ကို မခေါ်ဘဲ သူမနဲ့ချိန်းထားတဲ့ နာမည်ကြီး breakfast ဆိုင်လေးဆီသွားပြီး သူမအလာကို စောင့်နေတုန်းမှာပဲ ကျွန်တော်ထင်မထားတဲ့ ပြဿနာက ထောင့်ချိုးတစ်ခုကနေ လှစ်ခနဲဝင်လာခဲ့တာပါ။ အမျိုးသမီးတစ်ယောက်ပေ့ါ...။ ဖြူလွှတဲ့ ဝတ်စုံ နဲ့ ကျွန်တော့်ကို ခပ်လှမ်းလှမ်းကနေ ငေးကြည့်နေခဲ့တာကို ကျွန်တော်သတိထားလိုက်မိပါတယ်။ သူမနဲ့ ဖျတ်ခနဲအကြည့်ချင်းဆုံးလိုက်ချိန်မှာ ကျွန်တော်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ ရှိန်းမြသွားတာမို့ အဲဒါရိုးရိုးသာမန် လူတစ်ယောက်မဟုတ်ဘူးလို့ ကျွန်တော်အလိုလို ခံစားမိပြီးသား ပါ။ ဒါကြောင့်မို့ သူမကို နောက်တစ်ကြိမ်ထပ်မကြည့်တော့ဘဲ မသိချင်ယောင်ဆောင်နေစဉ်မှာ အဲဒီ ဝိညာဉ်က ကျွန်တော့်ရှိရာဆီ တရွေ့ရွေ့ချဉ်းကပ်လို့ လာနေပါတယ်။ သေတော့မှာပဲကွာ...။ ဒီအချိန် မဟုတ်သေးဘူးလို့ စိတ်ပျက်လက်ပျက် တွေးလိုက်မိပေမယ့် အလိုက်မသိတဲ့ အဲဒီ ဝိညာဉ်က ကျွန်တော့်ရဲ့မျက်နှာချင်းဆိုင် ရှေ့ကခုံမှာ အသာထိုင်ချလိုက်ပြီး...

"ရှင် ကျွန်မကို မြင်နေရတယ်မှလားဟင်..."

တဲ့...။ အသံက တိုးလျလျ။ ကျွန်တော်ခေါင်းခါပစ်လိုက်တယ်။

"မမြင်ရဘူး...ဒီအချိန် ဒီလိုနေရာမျိုးမှာ ကျွန်တော်ဘာမှ မလုပ်ပေးနိုင်ဘူး၊ ခင်ဗျား သွားပါ၊ ကျွန်တော့်ကို လာမနှောင့်ယှက်နဲ့"

လို့… ခပ်တိုးတိုး ပြန်ပြောလိုက်မိပါတယ်။ မျက်လုံးတွေကလည်း ဆိုင်ထဲကိုဝင်လာမယ့် ကကြိုးရဲ့အရိပ်ကလေးကို မျှော်လင့်စိတ်မောစွာ စောင့်ဆိုင်းနေမိပါတယ်။

“ကျွန်မ ရှင်ရှိရာဆီ မနည်းကြိုးစားရှာဖွေပြီး ရောက်အောင်လာခဲ့ရတာပါ။ ကျွန်မ ရှင့်ရဲ့အကူအညီကို လိုနေတယ်၊ ကျွန်မကို ကူညီပါရှင်၊ ကျွန်မရဲ့ချစ်သူနဲ့ ကျွန်မဆက်သွယ်ချင်လို့ ပါ။ သူ ကျွန်မကို သိပ်မျှော်လင့်နေတယ်ဆိုတာ ကျွန်မသိတယ်”

“ဒီအချိန် ဒီနေရာဟာ မင်းကိုယ့်ကို အကူအညီတောင်းရမယ့်နေရာ မဟုတ်ဘူးကွာ၊ ဘယ်သူမှမရှိတဲ့ အချိန်ကျမှလာပြောပေါ့၊ ကိုယ်ကူညီမယ်၊ အခုတော့ ကိုယ်မအားသေးဘူး”

“ဘာဖြစ်လို့ မအားရတာ လဲဟင်”

“ကိုယ်ချစ်နေတဲ့ ကောင်မလေးနဲ့ ချိန်းထားတယ်၊ မကြာခင် သူရောက်လာလိမ့်မယ်၊ ကျေးဇူးပြုပြီး ကိုယ့်ကို ခဏလွတ်လပ်ခွင့်ပေးပါကွာ”

“ရှင်ဟာလေ… ရှင်ကျတော့ ချစ်တတ်တယ်၊ ကျွန်မကိုကျတော့ ကိုယ်ချင်းမစာဘူး၊ ကျွန်မက လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတည်းက သေဆုံးထားခဲ့ပြီးသားပါ။ ကျွန်မချစ်သူနဲ့ ကျွန်မ ဆက်သွယ်ချင်တယ်၊ ကျွန်မ သူ့ကိုပြောချင်တာတွေကို ရှင်ကတဆင့် ပြောချင်လို့ပါ။ ရှင်ပါမှဖြစ်မယ်…၊ ရှင် ဆက်သွယ်ပေးမှ ကျွန်မ သူ့ကိုဆက်သွယ်ခွင့်ရမှာ၊ ရှင် ကျွန်မနဲ့လိုက်ခဲ့ ပေးပါနော်”

“ဟာကွာ… မဖြစ်နိုင်တာ၊ ကိုယ်အခု မအားသေးဘူးလို့ ဘယ်နှစ်ခါပြောရမလဲ”

“အို… အားအား မအားအား ရှင် ရှင် အခုလိုက်ခဲ့မလား၊ မလိုက်ခဲ့ဘူးလား”

ဝိညာဉ်မိန်းကလေးရဲ့ အသံက ခြိမ်းခြောက်သံပါလာတာမို့ ကျွန်တော်စိတ်တိုစွာနဲ့…

“no way…”

လို့… ငြင်းပစ်လိုက်ပါတယ်။

“ကောင်းပါပြီ… ကျွန်မက ဝိညာဉ်နော်၊ ရှင် ကျွန်မကို မကူညီနိုင်ဘူးဆိုရင် ရှင့်ချစ်သူလာရင် စောင့်ကြည့်လိုက်၊ ကျွန်မကောင်းကောင်း ပညာပြမယ်”

ဝိညာဉ်အမျိုးသမီးက ကျွန်တော်နဲ့မျက်နှာချင်းဆိုင်ခုံမှာထိုင်ပြီး ကျွန်တော့်ကိုခပ်စူးစူး စိုက်ကြည့်နေပါတော့တယ်။ သိပ်မကြာခင်မှာ ကကြိုးရောက်လာတာမို့ ကကြိုးက သူမရဲ့ ပုံစံကလေးအတိုင်း ကျွန်တော်ထိုင်နေတဲ့ ခုံရှိရာဆီ ခပ်သွက်သွက်ကလေး လျှောက်လှမ်းအလာမှာ ကျွန်တော့်ရှေ့က ဝိညာဉ်မိန်းကလေးက ဖြုန်းခနဲ ခြေထောက်နဲ့လှမ်းထိုးခံလိုက်တာမို့ ကကြိုးဟာ အသားလွတ်ကြီးနေရင်း ခလုတ်တိုက်မိပြီး မှောက်ရက်လဲမလို ဖြစ်သွားပါတယ်။ တစ်ဆက်တည်းမှာ စားပွဲပေါ်က ကော်ဖီခွက်ကို လက်နဲ့တိုက်ချလိုက်မိတာမို့ ကော်ဖီတွေက ကျွန်တော့်ကိုယ့်ပေါ် မှောက်ကျကုန်ပါတယ်။ ကော်ဖီကအပူချည်းပဲ ရှိသေးတာမို့ အပူလောင်ပြီး ကျွန်တော်ထခုန်လိုက်မိတော့ ဝိညာဉ်က ခပ်သဲ့သဲ့ရယ်မောလို့…။

“အို… ဆောရီး ဆောရီး ဧသင်ရယ်၊ ကျွန်မ ဘယ်လိုဖြစ်သွားမှန်း မသိဘူး၊ ခလုတ်တိုက် မိပြီး အရှိန်လွန်သွားတယ်”

“ရပါတယ်ကွာ… ခဏလေး ကကြိုး ကိုယ် toilet ထဲခဏဝင်လိုက်မယ်၊ ကကြိုးမှာစရာရှိ တာ မှာထားလိုက်နော်”

ကျွန်တော် toiletထဲခပ်သွက်သွက်ဝင်လာခဲ့တော့ ဝိညာဉ်က toilet ထဲအထိ လိုက်လာပါ တယ်။

"ဟာ... မင်း အိမ်သာထဲအထိ လိုက်မလာနဲ့လေ။ မင်းတော်တော် ဒုက္ခပေးတာပဲကွာ၊ ဒီမှာ အကုန်လုံးစိုကုန်ပြီ၊ စိုရုံတင်မကဘူး၊ အပူပါလောင်ကုန်ပြီ"

"အဲဒါ နည်းသေးတယ်၊ ရှင်လိုက်ခဲ့ပေးမလား... မလိုက်ခဲ့ဘူးလား"

"နေစမ်းပါဦး... မင်းက ဘာဖြစ်လို့ အဲဒီ လောက်တောင် အရေးကြီးနေတာလဲ၊ ကိုယ် နောက်တော့ ကူညီပ့ါမယ်လို့ ပြောထားသားပဲ"

"အို... ကျွန်မ မစောင့်နိုင်တော့လို့ပေ့ါ၊ တစ်ပတ်တောင်ရှိပြီ၊ ကျွန်မ ရှင့်ကိုတွေ့အောင် ရှာနေရတာ "

"နေပါဦး... ကိုယ်က ဘယ်အထိ လိုက်ခဲ့ပေါးရမှာလဲ၊ မင်းချစ်သူက ဘယ်မှာမို့လို့လဲ"

"ကျွန်မရဲ့ ချစ်သူက ပဲခူးမှာ"

"ဘုရားရေ... ပဲခူးအထိ ကိုယ်ကလိုက်ရမယ်၊ မဖြစ်နိုင်ဘူး...၊ အဲဒါတော့ လုံးဝမဖြစ် နိုင်ဘူး၊ ကိုယ် ဒီနေ့ကျောင်းလည်း တက်ရဦးမယ်"

"မဖြစ်နိုင်လို့ မရဘူးလေ... ရှင် ကူညီမှကို ဖြစ်မှာ"

"နေစမ်းပါဦး... မင်းက ကိုယ့်ကို ဘယ်လိုလုပ်ပြီး ရှာတွေ့သွားတာလဲ"

"ဒီလိုပဲပေ့ါ... တစ်ဆင့်စကား တစ်ဆင့်နားပေ့ါ ရှင်၊ ရှင့်သတင်းက ဝိညာဉ်တွေကြားမှာ ပျံ့ခွေးလို့၊ ကဲ... ရှင် အခု ပဲခူးကို လိုက်ခဲ့ပေးနော်"

"ကျစ် ... ကိုယ်အခု မလိုက်နိုင်သေးဘူးလို့ မင်းကို ဘယ်နှခါပြောရမလဲ၊ ကျောင်းပြီးတဲ့ ညနေကျမှပဲ လိုက်ပေးနိုင်မယ်ကွာ၊ အဲဒါတောင် ပဲခူးအထိ မောင်းရဦးမှာ၊ မင်း မကျေနပ်လည်း ကိုယ် မတတ်နိုင်ဘူး"

ကျွန်တော်က စိုသွားတဲ့ကော်ဖီတွေကို tissues တွေနဲ့ ရသလောက် သုတ်ပစ်ခဲ့ပြီး ဆိုင်ရှေ့ကို ပြန်ထွက်လာခဲ့တော့ ဝိညာဉ်က ကျွန်တော်နဲ့ကပ်ပြီး လိုက်ပါလာပါတယ်။ ပြီးတော့ . . ကကြိုးရဲ့ နံဘေးမှာအသာလေးရပ်နေတယ်။ အဲဒီ

ဝိညာဉ်ဟာ တော်တော်ခေါင်းမာမယ့်ရုပ်။ ကကြိုးက ကျွန်တော့်ကိုမြင်တော့…

“ဆောရီးပဲ ဒေသင်ရယ်၊ တော်တော်ပူသွားလားဟင်”

လို့လှမ်းမေးပါတယ်။

“ရပါတယ် ကကြိုးရယ်၊ ကကြိုးရဲ့အပြစ် မဟုတ်ပါဘူး”

“အို… ကကြိုးရဲ့အပြစ်ပေါ့၊ ကျွန်မလာတာနဲ့ ဒေသင်ဒုက္ခများတော့တာပဲ“

“အဲဒါကို ထားလိုက်ပါတော့ကွာ၊ ကဲ… ကကြိုးမှာပြီးပြီလား”

“အင်း မှာပြီးပြီ၊ နန်းကြီးသုပ် မှာထားတယ်”

ကျွန်တော် ကကြိုးကိုလှမ်းကြည့်တိုင်း ကကြိုးရဲ့ဘေးမှာရပ်နေတဲ့ ဝိညာဉ်က ကကြိုးရဲ့ ဆံချည်မျှင်တစ်ချောင်းကို ဖျတ်ခနဲလှမ်းဆွဲပြီး လက်ထဲမှာကိုင်ထားရင်း…

“ရှင် ကျွန်မကို ကူညီမှာလား၊ မကူညီဘူးလား”

လို့ လှမ်းမေးနေတာမို့ ကျွန်တော်က ကကြိုးမမြင်အောင် ဝိညာဉ်ကို မျက်မှောင်ကြုတ်ပြီး ခေါင်းခါလိုက်ပါတယ်။ အဲဒီ တော့ ဝိညာဉ်က ကကြိုးရဲ့ဆံချည်မျှင်ကလေးကို ခပ်ဆတ်ဆတ်ဆောင့် ဆွဲပစ်လိုက်တာမို့ ကကြိုးကခေါင်းကလေး ဆတ်ခနဲမော့သွားပြီး “အား”လို့ ယောင်ယမ်းပြီး အော် လိုက်ရော။ ပြီးတော့ ဘာဖြစ်မှန်းမသိဘဲ သူမခေါင်းကို အသာအယာ ပြန်ပွတ်ရင်း…

“ဘာဖြစ်မှန်း မသိဘူး… ခေါင်းထဲက ဆစ်ခနဲ ဖြစ်သွားလို့”

လို့… ကျွန်တော်မမေးဘဲ ဖြေပါတယ်။ ဝိညာဉ်ကတော့ ကျွန်တော့်ဆီက ကတိကိုမရမချင်း ကကြိုးကို အမျိုးမျိုးနှိပ်စက်ကလူနဲ့ ပညာပြနေမယ့်သဘောမှာ ရှိပါတယ်။ ဘေးကနေ ကကြိုးရဲ့ပါးကလေးကို လက်သည်းနဲ့ ဆိတ်ဆွဲလိုက်။ အဲဒီ အခါ ကကြိုးက သူမရဲ့ပါးပြင်ကို အကောင်တစ်ကောင်ကောင် အကိုက်ခံရသလိုမျိုး သူမရဲ့ပါးပြင်ကလေးဆီ လှမ်းပွတ်လိုက်… တော်ကြာနေရင်း ဝိညာဉ်က

ကကြိုးရဲ့လက်မောင်းကို ဆိတ်ဆွဲလိုက်၊ ကုတ်ခြစ်လိုက်နဲ့ အမျိုးမျိုးကစားနေတာကို ကျွန်တော်က အကုန်အတိုင်းသား မြင်နေရတာ မို့ ကကြိုးကို သနားလာပြီး အဲဒီ ဝိညာဉ်ကိုတော့ တော်တော်အမြင်ကတ်လာပါတယ်။

“ဒီဆိုင်က ခါတိုင်း အကောင်ဗလောင်တွေ မကိုက်ပါဘူးတော် ဧသင်၊ ဒီနေ့ဘာဖြစ်နေမှန်း မသိဘူး... ဟိုနေရာ ဆစ်ခနဲ၊ ဒီနေရာက ဆစ်ခနဲနဲ့”

ကကြိုးက နှာခေါင်းကလေးရှုံ့ပြီး ခပ်ညည်းညည်းလေး လှမ်းပြောတာမို့ ကျွန်တော် ရယ်ချင်စိတ်ကို မျိုသိပ်ထားလိုက်ရပါတယ်။

“ဒီနေ့ ဧသင် ဘာအစီအစဉ် ရှိလဲဟင်”

စားသောက်ပြီးတဲ့အခါ ကကြိုးကမေးတော့ ဘေးက ဝိညာဉ်က...

“ပဲခူး သွားမယ်လို့ ပြောလိုက်...”

လို့... ဘေးကနေ တတွတ်တွတ် လှမ်းသတိပေးနေတာမို့ အဲဒီ ဝိညာဉ်ကို သူလိုနေတဲ့ အကူအညီပေးလိုက်ဖို့ ကျွန်တော်ဆုံးဖြတ်လိုက်ရပါတယ်။

“ကျွန်တော် ဒီနေ့ အိမ်ကခိုင်းထားတာလေးရှိလို့ ပဲခူးခဏသွားစရာရှိတယ် ကကြိုး”

“သြော်... သြော်၊ ဟုတ်ပြီလေ ဧသင်...၊ breakfast အတွက် ကျေးဇူးတင်ပါတယ်၊ နောက်တော့မှ တွေ့တာပေ့ါနော်၊ ကျွန်မကတော့ ဒီနေ့ ကျောင်းကိုပဲသွားတော့မယ်”

ဆိုပြီး ကကြိုးက နှုတ်ဆတ်ထွက်ခွာသွားပါတယ်။ ကကြိုးထွက်သွားတော့မှ ဒေါင်းနဲ့ ဇေယျ တို့ဆီ ဖုန်းဆက်ပြီး ကျွန်တော် ဒီနေ့ ကျောင်းမလာဖြစ်တော့တဲ့အကြောင်း အသိပေးလိုက်ရပါ တယ်။

ကျွန်တော် ကားပေါ်တက်တော့ ဝိညာဉ်က ကျွန်တော့်ရဲ့ကား lover seat မှာ အကျအန ထိုင်လို့။ ဘယ်သူက ထင်မလဲ။ ကျွန်တော်ဟာ ဝိညာဉ်တွေနဲ့

စကားတွေပြောနေသူလို့လေ။

***

ပဲခူးကိုသွားနေတဲ့ လမ်းတလျှောက်မှာ အဲဒီ ဝိညာဉ်က သူမကိုယ်သူမ မိတ်ဆက်ပြီး သူမနဲ့ သူမရဲ့ချစ်သူနဲ့ လွမ်းမောဖွယ်ဇာတ်လမ်းကို ပြန်ပြောပြလာပါတယ်။ ကျွန်တော်ကြားရသမျှ ဝိညာဉ် တွေနဲ့ ဇာတ်လမ်းတွေဟာ များသောအားဖြင့် သနားစရာကြေကွဲစရာ ကောင်းနေတတ်ပါတယ်။

“ကျွန်မနာမည်က ရွှေနှင်းဆီပါ…၊ ကျွန်မတို့က ပဲခူးဇာတိပေါ့၊ ကျွန်မရဲ့မိဘတွေက ပဲခူးမှာ ချမ်းသာတဲ့မြို့မျက်နှာဖုံးတွေ ဆိုပါတော့၊ ကျွန်မတို့ဇာတ်လမ်းက လောကမှာ ဖြစ်နေကျအ တိုင်း ရိုးရိုးစင်းစင်း ဇာတ်လမ်းတစ်ပုဒ်ပါ။ ကျွန်မရဲ့ချစ်သူက နွမ်းပါးတယ်၊ ဒါပေမယ့် သူက အရမ်း ဖြူစင်ရိုးသားတယ်၊ ကျွန်မ သူ့ကိုချစ်တာ အဲဒါကြောင့်ပါပဲ၊ သူ့မှာ ဘာပရိယာယ် မာယာမှမရှိဘူး၊ လောကကြီးကို အဖြောင့်အတိုင်းပဲ တွေးတတ်တယ်၊ လှည့်ကွက်တွေ… မာယာတွေ သူ မသိဘူး၊ အဲဒါကို ကျွန်မသိပ်ချစ်တာပါ၊ ကျွန်မရဲ့ မိဘတွေသိသွားတော့ ထုံးစံအတိုင်းပေါ့၊ ပွဲကြမ်းတော့တာပဲရှင်၊ ကျွန်မတို့ နှစ်ယောက်ကို လုံးဝသဘောမတူနိုင်ဘူးဆိုပြီး ကျွန်မတို့ကို ခွဲထားတာ၊ သူ့ကိုလည်း သတ်မယ် ဖြတ်မယ်ပေါ့။ သူကလည်း ကျွန်မကို သိပ်ချစ်ရှာပါတယ်၊ ဘယ်လောက်အခက်အခဲ အတားအဆီးတွေပဲရှိရှိ သူ ကျွန်မဆီ မဖြစ်ဖြစ်အောင် လာတွေ့တတ် တယ်၊ ကျွန်မအဖေရဲ့ လူတွေထိုးနှက်နှိပ်စက်လို့ရတဲ့ ဒဏ်ရာဒဏ်ချက်တွေကိုလည်း သူလုံးဝဂရု မစိုက်ဘူး၊ အသားအနာခံပြီးတော့ကို ကျွန်မရှိတဲ့ဆီကို မရောက်ရောက်အောင် လာတွေ့တဲ့လူ၊ ကျွန်မရဲ့ မိဘတွေက ကျွန်မကို ကျွန်မတို့အိမ်ရဲ့ အပေါ်ဆုံးထပ်ကထပ်ခိုးမှာ လှောင်ပိတ်ထားကြ တာ၊ အိမ်က ရှေးခေတ်အိမ်ကြီးဆိုတော့ တော်တော်မြင့်တယ်၊ သူက ကျွန်မကို ညတိုင်း

လာတွေ့ဖို့ ကြိုးစားတတ်တယ်၊ အဲဒီ ညကတော့ ကျွန်မလည်း ဖြစ်ချင်ရာဖြစ် မထူးတော့ဘူး၊ သူနဲ့ မရရအောင်ပေါင်းမယ်၊ အဝေးဆုံးကို ထွက်ပြေးကြမယ်ဆိုပြီး စောင်ကိုကြိုးလုပ်ပြီး အပေါ်ထပ် အမြင့်ကြီးကနေ မရရအောင်ဆင်းတာ၊ အဲဒီ ကနေ ပြုတ်ကျပြီး တစ်ခါတည်း သေဆုံးခဲ့ရတာ ပါ၊ ကျွန်မရဲ့ကိုယ်ခန္ဓာထဲကနေ ကျွန်မရဲ့ဝိညာဉ် ထွက်သွားတဲ့အချိန်ကစပြီး ကျွန်မ သူ့ကိုမြင်နေရပါ တယ်၊ သူ အရူးတစ်ယောက်လို စိတ်နှလုံးထိခိုက်နာကျင်စွာနဲ့ ငိုကြွေးနေတာကိုလည်း ကျွန်မ မြင်နေရပါရဲ့၊ သူ့ကို ပွေ့ဖက်ပြီး နှစ်သိမ့်ချော့မြူချင်ပေမယ့် ကျွန်မဘယ်လိုမှမတတ်နိုင်တော့ဘူး လေ၊ ကျွန်မနဲ့သူက ဘဝချင်းခြားသွားခဲ့ပြီ၊ ကျွန်မကသာ သူ့ကိုမြင်ခွင့်ရနေပေမယ့် သူကတော့ ကျွန်မကို ဘယ်တော့မှ မြင်ခွင့်မရနိုင်တော့ဘူးလေ၊ ကျွန်မရင်ထဲမှာ သူ့ကို ပြောပြချင်တာတွေ၊ သူ့ကို သိစေချင်တာတွေ၊ ကျွန်မဘယ်လောက်ခံစားနေရသလဲဆိုတာတွေကို သူသိစေချင်တယ်၊ သူသိအောင် ပြောပြနိုင်ဖို့ဆိုရင် ကျွန်မနဲ့သူ့ကြားမှာ messenger တစ်ယောက်လိုတယ်လေ၊ အဲဒါ ရှင်ပဲပေါ့...၊ ရှင်ကသာ သူနဲ့ကျွန်မကို ဆက်သွယ်ပေးနိုင်မှာ၊ ကျွန်မပြောချင်တာတွေ သူ့ကို ရှင်ကနေတဆင့် ပြောပြပေးနိုင်ရင် သူခံစားနေရတဲ့ ကြေကွဲပူဆွေးမှုတွေ ပြေလျော့သင့်သလောက် ပြေလျော့သက်သာနိုင်မယ်လေ...”

ဝိညာဉ်တိုင်းက အဲဒီ လိုပဲ ယုံကြည်ကြပြီး ကျွန်တော့်ကို မရရအောင် လိုက်ရှာဖွေ ဆက်သွယ်ခဲ့ကြတာပေါ့။

ပဲခူးရောက်တော့ သူမ,ပြောတဲ့အိမ်ကလေးတစ်အိမ်ရှေ့မှာ ကျွန်တော်ကားရပ်လိုက်ရပါ တယ်။

“အဲဒီ အိမ်ကလေးမှာ သူတစ်ယောက်တည်းနေတယ်၊ ရှင်ဝင်သွားလိုက်ပါ”

“နေပါဦး... သူက ဘာအလုပ် လုပ်သလဲ”

“စတိုးဆိုင်တစ်ဆိုင်မှာ လုပ်တယ်၊ အခုလောက်ဆို သူပြန်ရောက်နေပါပြီ”

ကျွန်တော်တံခါးဂက လူခေါ်ခေါင်းလောင်းကလေးကို နှိပ်လိုက်ပါတယ်။ ကျွန်တော့်ရဲ့ အလုပ်က ရယ်စရာလည်းကောင်း ရင်မောဖို့လည်းကောင်းတယ်။ ကိုယ်နဲ့ တစ်ခါမှမတွေ့ဖူး မသိဖူး သေးတဲ့ လူတစ်ယောက်ဆီ ဗလိုင်းကြီး ဆက်သွယ်ဝင်ရောက်ပြီး တစ်ဖက်လူယုံသည်ဖြစ်စေ၊ မယုံ သည်ဖြစ်စေ ကျွန်တော်ဟာ အဲဒီ လူနဲ့ သူရဲ့သေဆုံးခဲ့ပြီးတဲ့ ဝိညာဉ်ကိုဆက်သွယ်ပေးရတဲ့ အလုပ် ဟာ စဉ်းစားကြည့်ရင် အတော်ကို အူကြောင်ကြောင်နိုင်တဲ့ ကိစ္စနော်။ တချို့ကဆို ယုံကိုမယုံ ကြဘူး။ ဒီခေတ်ကြီးထဲမှာ ဒါမျိုးတွေ မရှိနိုင်ပါဘူး... ဘာညာနဲ့လေ။ ခေတ်က IT ခေတ်၊ Globalization ခေတ်တောင် ရောက်နေပြီဥစ္စာ။ ကျွန်တော်က ခေတ်နောက်ပြန်ဆွဲနေသလို ဖြစ်နေ တာကို။ ဒါပေမယ့် ဘယ်လိုခေတ်မျိုးမှာပဲဖြစ်ဖြစ် ဝိညာဉ်ဆိုတာ ရှိကိုရှိရမှာပဲလေ။ သူတို့ တခြားဘဝတစ်ခုစီ မကူးခင်စပ်ကြားအချိန်ကလေးမှာပေ့ါ။ အကြောင်းအမျိုးမျိုးကြောင့် မကျွတ်နိုင် မလွတ်နိုင်သေးတဲ့ အချိန်အပိုင်းအခြားကလေး တစ်ခုအတွင်းမှာပေ့ါ။

“အဲ... သူ့နာမည် ဘယ်သူ”

“ချစ်ရင်...”

“ဘာ...”

“ကိုချစ်ရင်ပါဆို...”

“နာမည်ကလည်းကွာ... ကဲ ကဲ... အော်ပြီနော်၊

ကိုချစ်ရင်... ကိုချစ်ရင်”

အထဲက လှုပ်ရှားသံနဲ့အတူ လူတစ်ယောက် ထွက်လာပါတယ်။ လူပုံစံက

သိပ်ရိုးသားလွန်း တဲ့ လူတစ်ယောက်ဆိုတာ မြင်ရုံနဲ့သိသာစေတဲ့ရုပ်မျိုးပါ။

"ကျွန်တော် ချစ်ရင်ပါ... ဘာကိစ္စ ရှိလို့လဲ"

"အဲ... ကျွန်တော့်နာမည် ဧသင်ပါ၊ ရန်ကုန်ကပါ၊ ခင်ဗျားနဲ့တွေ့ဖို့ တကူးတကလာခဲ့တာ ဆိုပါတော့၊ ကျွန်တော် ရွှေနှင်းဆီရဲ့မိတ်ဆွေပါ"

"ရွှေနှင်းဆီ..."

အဲဒီ နာမည်ကို ကြားလိုက်ရရုံနဲ့ အဲဒီ လူရဲ့ မျက်နှာပေါ်က ပြောင်းလဲသွားတဲ့ လွမ်းရိပ်၊ ဆွေးရိပ်တွေဟာ သူ့မျက်နှာတစ်ခုလုံးကိုတောင် အုံ့မှိုင်းညို့ဆိုင်းသွားစေတာပါ။

"ဟုတ်လား... လာပါ... ဝင်ပါဗျာ၊ နှင်းဆီကို လာရှာတာလား... နှင်းဆီကတော့ မရှိရှာတော့ဘူး၊ ဟိုတလောကပဲ..."

သူဆက်မပြောနိုင်ဘဲ အသံက ရုတ်တရက် တိမ်မြုပ်ဝင်သွားပြီး မျက်လုံးအိမ်ထဲမှာ ချက်ချင်းပဲ မျက်ရည်တွေပြည့်ဝိုင်းလာတာကို ကျွန်တော်အသာငေးကြည့်နေမိသလို ဝိညာဉ်ကလည်း သူမရဲ့ချစ်သကို စွဲစွဲလမ်းလမ်း ရွှန်းရွှန်းစားစားမျက်ဝန်းတွေနဲ့ ငေးစိုက်ကြည့်နေ ဆဲပါ။

"သူ့ကို ရှင်းပြလိုက်ပါ..."

လို့ ဝိညာဉ်က ကျွန်တော့်ကို ခပ်တိုးတိုးလှည့်ပြောပါတယ်။

"ကျွန်တော်သိတယ်... အခု ကျွန်တော်လာတဲ့ ကိစ္စကို ခင်ဗျား ယုံမလားတော့ မသိဘူး၊ ရွှေနှင်းဆီက ခင်ဗျားနဲ့ဆက်သွယ်ဖို့ ကျွန်တော့်ဆီရောက်လာပြီး အကူအညီတောင်းခဲ့တာ၊ အခု ခင်ဗျားရဲ့ညာဘက်ဘေးနားလေးမှာ ရှိနေတယ်..."

"ဘာဗျ... ခင်ဗျား ဘာတွေလာပြောနေတာလဲ"

ကိုချစ်ရင်က ရုတ်တရက် လန့်ဖျပ်တုန်လှုပ်သွားဟန်နဲ့ ဝုန်းခနဲ

ခုန်ထပစ်လိုက်တယ်။ ထုံးစံ အတိုင်း ကျွန်တော် သူနားလည်သွားအောင် ရှင်းပြရတော့မှာပေါ့။

“ကန်တော်မှာ ကံတရားကပေးထားတဲ့ လက်ဆောင်တစ်ခုရှိတယ်၊ အဲဒီ လက်ဆောင်က ဝိညာဉ်တွေကို မြင်ခွင့်ဆက်သွယ်ခွင့်၊ စကားပြောခွင့် ရှိတာပဲ၊ အဲဒါကို ကျွန်တော် အရှည်မပြော တော့ဘူး၊ ခင်ဗျားယုံချင်မှယုံပါ၊ အခု ကျွန်တော့်ကို ခင်ဗျားရဲ့ချစ်သူက သူပြောချင်နေတဲ့စကား လေးတွေ ပြောပြနိုင်အောင် ကျွန်တော့်ကိုလာဆက်သွယ်ပြီး အကူအညီတောင်းခဲ့လို့ ကျွန်တော် ဒီအထိ လိုက်လာခဲ့ရတာ ပါ။ သူ အခု ခင်ဗျားရဲ့ဘေးမှာ ရှိနေတယ်၊ ခင်ဗျားကို ငေးကြည့်နေတယ်”

ကိုချစ်ရင်ရဲ့ မျက်နှာပေါ်မှာ လွမ်းဆွတ်တမ်းတမှုတွေနဲ့အတူ မယုံနိုင်လောက်အောင် အံ့အားသင့်မှုတွေ ဝေနေတယ်။

“ခင်ဗျား တကယ်ပြောနေတာလားဗျာ၊ သူ အခုဘယ်နားမှာ ရှိနေတာလဲ...”

“ဒီနား... ဟောဒီနားမှာ”

ကျွန်တော်က ဝိညာဉ်ရှိနေတဲ့ နေရာနားကို လက်ညှိုးညွှန်ပြလိုက်တော့ ကိုချစ်ရင်က အဲဒီ နေရာကလေးကို ဆွေးဆွေးမြည့်မြည့်ဟန်နဲ့ ငေးကြည့်ပြီး...

“တကယ်ပဲလား... နှင်းဆီရယ်၊ မင်း ရောက်လာခဲ့သလား၊ ကိုယ် မင်းကိုမျှော်နေခဲ့တာ ကြာပါပြီ၊ မင်းကို ကိုယ်မြင်ခွင့်ရချင်လိုက်တာ၊ ကိုယ့်နှလုံးသားတွေ အတိတောင်မခံနိုင်တော့ဘူး၊ ကိုယ် မခံစားနိုင်တော့ဘူး၊ ကိုယ်ဘယ်လိုနေရမလဲ နှင်းဆီရယ်၊ ကိုယ်တစ်ယောက်တည်းကွာ၊ ကိုယ် မင်းကိုသိပ်လွမ်းတာပဲ၊ မင်းရဲ့နောက်ကိုလိုက်ခဲ့ဖို့ အကြိမ်ကြိမ်စဉ်းစားကြည့်ပါတယ်၊ မြစ်ထဲ ခုန်ချဖို့လည်း ကိုယ်စိတ်ကူးကြည့်တယ်၊ အဝေးပြေး လမ်းမကြီးပေါ်မှာ သွားရပ်ပြီး ကုန်ကား တစ်စင်းနဲ့ အတိုက်ခံဖို့လည်း စိတ်ကူးကြည့်တယ်၊

မင်းမရှိတဲ့နောက်မှာ ကိုယ့်ရဲ့ရှင်သန်မှုဆိုတာ ဘာမှ အဓိပ္ပာယ်မရှိတော့ဘူး နှင်းဆီရယ်၊ ဒီလောကမှာ ကိုယ်နေချင်စိတ်လည်း မရှိတော့ဘူး၊ ကိုယ်သေသွားရင်ကောင်းမယ်”

ကိုချစ်ရင်ဟာ အဲဒီ တဒင်္ဂကလေးမှာ ရူးသွားတော့မလိုဘဲ ကြေကြေကွဲကွဲနဲ့ ပြောနေခဲ့ တာပါ။ ဝိညာဉ်က ဆို့နစ်နာကျင်စွာနဲ့ နားထောင်နေတယ်။ ပြီးတော့ ကျွန်တော့်ဘက်လှည့်ပြီး ပြောခိုင်းပါတယ်။

“သူ့ကို ပြောပေးပါ... ဧသင်ရယ်၊ သူ့ကိုယ်သူ ဘယ်တော့မှ သေကြောင်းမကြံစည် ရဘူးလို့ ကတိပေးခိုင်းပါ။ ကျွန်မ မရှိတော့ပေမယ့် သူ့ဘဝကို အဓိပ္ပာယ်ရှိရှိဆက်လျှောက်ခိုင်းပါ။ ဒီဘဝ ဒီအခြေအနေမျိုးနဲ့ တင်းတိမ်ကျေနပ်မနေဘဲ အဆင့်အတန်းတစ်ခုခု ရောက်တဲ့အထိ မြင့်မားအောင် ကြိုးစားခိုင်းပါ။ ကျွန်မကို သူတကယ်ချစ်တယ်ဆိုတာကို သက်သေပြချင်ရင် သူ့ဘဝ မြင့်မားလာအောင် ကြိုးစားရင်းနဲ့ သက်သေပြပါလို့ ပြောပေးပါ။ ကျွန်မနဲ့သူဟာ ဘဝတွေခြားသွား ခဲ့ပြီ၊ တစ်ချိန်ချိန်မှာ သူချစ်ရမယ့် မိန်းကလေးတစ်ယောက် တွေ့ခဲ့ရင်လည်း လက်ထပ်လိုက်ပါ။ ကျွန်မ သဘောတူကျေနပ်ပါတယ်လို့၊ သူပျော်နေတာကိုပဲ ကျွန်မမြင်ချင်တယ်၊ သူစိတ်ဆင်းရဲ နာကျင်နေတာကို မြင်ရရင် ကျွန်မဒီဘဝကနေ ကျွတ်လွတ်နိုင်မှာ မဟုတ်ဘူးလို့၊ ကျွန်မအတွက် ရည်စူးပြီး အလှူဒါန ကုသိုလ်ကောင်းမှုကလေးတွေ လုပ်ပေးပြီး အမျှဝေပေးဖို့ ပြောပေးပါနော်”

ဘေးနားကနေ တတွတ်တွတ် ပြောခိုင်းသမျှကို ကျွန်တော်က တစ်ခွန်းမကျန် ပြန်ရွတ် ပြနေတာကို ကိုချစ်ရင်က မျက်လုံးအဝိုင်းသားနဲ့ တအံ့တသြ ငေးကြောင်ကြည့်ပြီး နားထောင် နေရှာပါတယ်။ အဲဒီ တဒင်္ဂအချိန်ကလေးဟာ ချစ်သူနှစ်ယောက်အတွက် ကြေကွဲလိုက်မောဖွယ် အကောင်းဆုံးလည်းဖြစ်သလို ကျွန်တော့်အတွက်လည်း တစ်ကိုယ်လုံးကြက်သီးမွေးညင်းတွေ စိမ့်ဖြာထရလောက်အောင်

စိတ်လှုပ်ရှားစေပါတယ်။ ကျွန်တော့်စကားအဆုံးမှာ ကိုချစ်ရင်က ကတိပေးရှာပါတယ်။ ဘယ်လောက်ရိုးသားပြီး အယုံအကြည်လွယ်လွန်းတဲ့ လူတစ်ယောက်လဲလို့…။

“ကျွန်တော် ကတိပေးပါတယ်ဗျာ…၊ ကျွန်တော် သူ့ကိုသိပ်ချစ်တယ်ဆိုတာ သက်သေပြ ပ့ါမယ်၊ သူ့ကိုသာ လွတ်ကျွတ်ပြီး ကောင်းရာဘုံဘဝ တစ်ခုခုကို ရောက်သွားစေချင်ပါတယ်၊ သူ့ကို ပြောပေးပါ… ကျွန်တော်ကြိုးစားပ့ါမယ်၊ ပညာတစ်ခုခု ဆက်သင်ပြီး လူဝင်ဆံ့တဲ့ အဆင့်အတန်း တစ်ခုခုရောက်တဲ့အထိ ကြိုးစားပ့ါမယ်၊ သူ့အတွက်လည်း ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှဝေပေးပ့ါ မယ်၊ သူအခု ကျွန်တော့်အနားမှာ တကယ်ရောက်နေတယ်ဆိုတာကို ဘာကြောင့်မှန်းမသိဘူး ကျွန်တော်အလိုလိုနေရင်းကို ခံစားလို့နေပါတယ်၊ မယုံနိုင်လွန်းလို့ ကျွန်တော်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေတောင် ထနေတယ်၊ သူ့ကိုမမြင်ရပေမယ့် ကျွန်တော်နဲ့သူ အခုလို ဆက်သွယ် စကားပြောခွင့်ရတဲ့အတွက် ကျွန်တော့်ရင်ထဲခံစားနေရတဲ့ ဝေဒနာတွေ အတော်လေး သက်သာပေ့ါပါးသွားပါတယ်၊ အဲဒီ အတွက် ခင်ဗျားကိုလည်း သိပ်ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော် ခင်ဗျားကို ယုံလည်းယုံပါတယ်…”

သူက လှိုက်လှိုက်လှဲလှဲပြောပြီး ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ပါတယ်။ သူ့ကို နှုတ်ဆက်ပြီး ကျွန်တော်ပြန်လာခဲ့တဲ့အချိန်မှာ ကျွန်တော့်ဘေးမှာ ရွှေနှင်းဆီဆိုတဲ့ ဝိညာဉ်ကလေး ပါမလာတော့ဘူး။ သူ့ချစ်သူရဲ့အပါးမှာ ကျန်ရစ်ခဲ့ပြီလေ။ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ချစ်ကြတဲ့ ချစ်သူတွေလည်းဆိုတာ…။ အဲဒီ ချစ်သူနှစ်ယောက်ကို ကျွန်တော် ကူညီ ဆက်သွားပေးခွင့် ရလိုက်တဲ့အတွက် ကျွန်တော့်ရင်ထဲမှာ ခံစားနေကျအတိုင်း ကြည်နူးပီတိ ကလေး တနွေးနွေး တသိမ့်သိမ့်နဲ့ပေ့ါ။

***